# Highlight Quotes for DVB Debate's Elections Campaign

## 4 July 2015

## "Elections Campaign: Pragmatism or Idealism?"

"ပြည်ထောင်စုရွေးကောက်ပွဲကောင်မရှင်ကစ အရေးပါတဲ့ အဆင့်၊ ရာထူးတွေက တပ်မတော်က အငြိမ်းစားတွေရယ် သူတို့နဲ့နီးစပ်သူတွေက ချုပ်ကိုင်ထားတယ်။ ဒီတော့ အခုလာမယ့် ရွေးကောက်ပွဲဟာ သော့ချက်ကျကျ ကြိုးကိုင်မယ့် ရွေးကောက်ပွဲဖြစ်နိုင်ချေမျိုးတွေ့ရတယ်။ ဘောလုံးစကားနဲ့ပြောရရင်တော့ အိမ်ကွင်းဖန်တီးပြီး ကစားတဲ့သဘောမျိုး"

ဒေါက်တာရန်မျိုးသိမ်း - နိုင်ငံရေးဆောင်းပါးရှင်

---

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ ဘတ်ဂျက် သန်းပေါင်း ၇ထောင်ကျော်ရှိတယ်။ ရပ်ကျေးအဆင့်တွေ လုပ်ကိုင်ရသူတွေမှာ မဲစာရင်းဘုတ်ထောင်တဲ့ ပိုက်ဆံကအစ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ပေးမှရတယ်။ အမှန်ဖြစ်သင့်တာက အောက်ခြေကလုပ်ကိုင်နေသူတွေကို ငွေကြေးပေးထားပြီး ပံ့ပိုးပေးရမှာ"

ဦးလွင်ကိုလတ် - ဒါရိုက်တာ၊ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း

---

"အခုလာမယ့် ရွေးကောက်ပွဲဟာ အပေးကွင်းမှာ ကန်ရပေမယ့် အားမငယ်ပါနဲ့။ ပြည်သူတွေအနေနဲ့ ကိုယ်တွေရဲ့ လူမှုရေး၊ စီးပွားရေးဘဝတွေကို လွှမ်းမိုးမယ့် အုပ်ချုပ်သူတွေကို ရွေးချယ်ခွင့်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံပါနဲ့"

ဒေါက်တာ သောင်းထွန်း - ငြိမ်းချမ်းရေးနှင့်လူမှုတရားမျှတမှုဖော်ဆောင်ရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ

---

"ကော်မရှင်မှာ မဲစာရင်းအတိအကျ ရှိကိုရှိတယ်။ မဲစာရင်းမှားတာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ တာဝန်အရှိဆုံး"

ဒေါက်တာရန်မျိုးသိမ်း - နိုင်ငံရေးဆောင်းပါးရှင်

"မဲစာရင်းကိစ္စ ကော်မရှင်ကိုပဲ တာဝန်ပုံချတာ မဖြစ်သင့်ဘူး.. သူတို့လည်း တတိုင်းပြည်လုံးအတိုင်းအတာနဲ့လုပ်ရတာ.. ပြည်သူတွေမှာလည်း သွားကြည့်ဖို့ တာဝန်ရှိတယ်။"

ဦးအောင်သန်း - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

---

"တိုင်းရင်းသားဒေသတွေမှာ ၇၀%လောက် ပြည်သူတွေဟာ ပြည်တွင်းမှာမရှိဘူး ပြည်ပရောက်နေတယ် ဒါ့အပြင်သူတို့တွေက သံရုံးမှာမဲပေးနိုင်လောက်တဲ့ အခြေအနေလည်း သိပ်မရှိဘူး"

မင်းချမ်းထိုက် - ပရိသတ်တဦး

---

"ပြည်ပရောက်မဲပေးပိုင်ခွင့်ရှိသူတွေနဲ့ပတ်သက်လို့ အခက်အခဲက ထိုင်းမှာဆိုရင် သံရုံးကိုသွားဖို့ ရွှေ့ပြောင်းအလုပ်သမားတွေနေတဲ့ နေရာနဲ့က ဝေးလွန်းနေတယ်။ ဘယ်လိုသွားကြမလဲ ဒီတော့ Mobile Team ပုံစံမျိုးလုပ်မလားဆိုပြီး ပါတီတွေက ကော်မရှင်တွေနဲ့ ဆွေးနွေးတင်ပြဖို့ လုပ်နေကြတယ်"

ဒေါ်မြနန္ဒာသင်း - နယူးမြန်မာဖောင်ဒေးရှင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတိုင်ပင်ခံ

---

"နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူတိုင်း ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အကန့်အသတ်မရှိဘဲ ကိုယ်ကြိုက်တဲ့သူ မဲပေးပိုင်ခွင့်စနစ်မျိုးနဲ့ မဲပေးခွင့်မရနိုင်ဘူးလား မေးချင်တယ်"

ဝိုင်းဆန်းထောင် - နာဂကျောင်းသားလူငယ်များဖက်ဒရေးရှင်း

---